ပေါ့ယားကျေးရွာအုပ်စု၊ လယ်ကြား(ရှေ့)ကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစာတမ်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ပေါ့ယားကျေးရွာအုပ်စု၊ လယ်ကြား(ရှေ့)ကျေးရွာ၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ လ (၃၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၉
၁၁	ပညာရေး	၉	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၅
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၆	၁၆
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၇	၁၉
၁၈	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၂၀	၂၃
နောက်ဆက်တွဲများ			
၁၉	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၃	၂၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၅/၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ အဖွဲ့စည်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့
လယ်ကြား(ရှေ့)ကျေးရွာ၊ ပေါ့ယားကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်


ပင်လောင်းမြို့နယ်၊ လယ်ကြား(ရှေ့)ကျေးရွာ၏ သယံဇာတပြမြေပုံ



ပင်လောင်းမြို့နယ်၊ လယ်ကြား(ရွှေ့)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



ပင်လောင်းမြို့နယ်၊ လယ်ကြား(ရှေ့)ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

လယ်ကြား(ရွှေ့)ကျေးရွာသည် ပင်လောင်းမြို့နယ်၏ အနောက်မြောက်ဘက် (၁၈/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး ပင်လောင်း-အောင်ပန်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဉာဏ်ပင်ကျေးရွာလမ်းခွမှ သွားရောက်နိုင်ပါသည်။ လယ်ကြား(ရွှေ့)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ မုံလာထုပ်၊ ခရမ်းချဉ်သီး၊ အာလူး၊ ကြက်သွန်၊ ပြောင်း၊ စပါးစသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အသင့်အတင့်ရှိပြီး စီးပွားဖြစ်ကြက်မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုရှိပါသည်။ အခြားဝင်ငွေရ လုပ်ငန်းဖြစ်သော လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၁.၂၃ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိမှုမှာ တောင်ပေါ်ဒေသ ဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့် ဒေသဖြစ်ပါသည်။

၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

လယ်ကြား(ရွှေ့)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် စိမ့်စမ်းရေထွက်နှင့် လက်ဖက်ခြံများ၊ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် တောင်ယာစိုက်ခင်းများနှင့် လယ်ယာမြေများ တည်ရှိပါသည်။ ကျေးရွာ၏လယ်ယာမြေနှင့် တောင်ယာမြေများသည် မြေဆီလွှာ ကောင်းမွန်မှု အသင့်တင့်ရှိပါသည်။ ကျေးရွာပိုင်စိမ့်စမ်းရေသည် ရေထွက်အလွန်ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးရယူအသုံးပြုနိုင်ပါသည်။ ကျေးရွာအတွင်းနှင့် ကျေးရွာအနီးနားတွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

လယ်ကြား(ရွှေ့)ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ ကျောင်းကော်မတီ၊ ရေကော်မတီ၊ မြစိမ်းရောင်ကော်မတီ၊ ဂေါပကအဖွဲ့ စသည့်အဖွဲ့အစည်းများ ရှိပြီး "ECCD" နှင့် "ရွှေကြက်သွန်" ကဲ့သို့သော ပြင်ပအသင်းအဖွဲ့များလည်းရှိပါသည်။ ကျေးရွာ အတွင်းဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြပါသည်။ ပြင်ပမှလူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် လျှပ်စစ်ဌာန၊ “ECCD”အဖွဲ့၊ ရွှေကြက်သွန်အဖွဲ့ မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်ပညာရေး ဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

လယ်ကြား(ရှေ့)ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏(၁၀)စုသည် အဆင်ပြေသောအိမ်ထောင်စု၊ (၅၀)စုသည် အလယ်အလတ်အိမ်ထောင်စု၊ (၄၀)စုသည် ဆင်းရဲသောအိမ်ထောင်စုနှင့် ကျန်(၂၀)စုသည် အလွန်ဆင်းရဲသောအိမ်ထောင်စုများအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု အသင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက် (၁၃)စီးနှင့် ရေစုပ်စက် (၁၁)လုံး ပိုင်ဆိုင်ကြပြီး ကျန်ရှိအိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးသုံး စက်ကိရိများအားငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေအနေဖြင့် ရွာ၏အရှေ့ဘက်ရှိ ချောင်းရေကို အသုံးပြု၍ ဆောင်းနှင့်နွေသီးနှံများကိုလည်း စိုက်ပျိုးနိုင်ကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်မတည်မငြိမ်ခြင်းတို့ကြောင့် တောင်သူများအမြတ်ရရှိမှု နည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိသော စိုက်ပျိုးရေး လုပ်ကိုင်ကြသည့် အိမ်ထောင်စုများနှင့် အခြားဆင်းရဲသော အိမ်ထောင်စုအများစုသည် လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု(၅၈)စုရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လယ်ကြား(ရှေ့)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စု(၅)စု ရှိသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

လယ်ကြား(ရှေ့)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

လယ်ကြား(ရှေ့)ကျေးရွာတွင် စီးပွားဖြစ်ထုတ်ကုန်လုပ်ငန်းများမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၅၀၀၀/ကျပ် မှ ၁၇၀၀၀/ကျပ်အထိရပါသည်။ အလုပ်ကြမ်းသမားအဆင့် မှာ ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန် အခြားသောကျေးရွာများသို့ စိုက်ပျိုးရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ချိန်တွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ (၁၀၀၀၀)မှ (၁၅၀၀၀)ကျပ်အထိ

ရရှိကြပါသည်။ ကျေးရွာတွင် လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး အနည်းငယ်ကွာဟမှုရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှု နည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် ရရှိမှုများတွင် အခွင့်အလမ်းနည်းပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်ကြား(ရှေ့)ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေနှင့် ချေးငွေပေးချေးသူများထံ ချေးငွေများကို ချေးယူကြပါသည်။ ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအား အလုံအလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/မိတ်ဆွေ/ ဆွေးမျိုးများထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း **(၈)**ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။ ထိုသို့ချေးယူရာတွင်လည်း အပေါင်ခံပစ္စည်းပေါင်နှံထားရန် လိုအပ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

လယ်ကြား(ရှေ့)ကျေးရွာတွင် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စာသင်ဆောင်(၂)ဆောင်နှင့် ပညာရေးဌာနမှ စာသင်ဆောင်(၁)ဆောင် ဆောက်လုပ်ခဲ့ပြီး အတိုင်းအတာအားဖြင့် (၇၅'x၂၄'x၁၀')(၁)ဆောင်၊ (၈၀'x၂၄'x၁၀')(၁)ဆောင်နှင့်(၉၀'x၃၀'x၁၂')(၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့်မှာ အထက်တန်းကျောင်းခွဲအဆင့်ဖြစ်သောကြောင့် စာသင်ဆောင် လိုအပ်မှုရှိနေကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး မရှိသေးပါ။ ကျေးရွာချင်းဆက်လမ်းများသည် ကျောက်ခဲျောလမ်းများဖြစ်ပြီး ရာသီမရွေး အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရ အခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် လျှပ်စစ်မီးကို တပ်ဆင်အသုံးပြုလျက်ရှိပြီး တပ်ဆင်နိုင်ခြင်းမရှိသည့် အိမ်ထောင်စု(၁)စုရှိပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍာတွင်များတွင် စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက် သောလုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

၆။ ပညာရေး

လယ်ကြား(ရှေ့)ကျေးရွာ၏ ပညာရေးကဏ္ဍသည် အခြေခံပညာအထက်တန်း(ခွဲ)အဆင့်ရှိပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော စာသင်ကျောင်း(၂)ဆောင်နှင့် ပညာရေးဌာနမှ (၁)ဆောင်ရှိပြီး စာသင်ကျောင်းများသည် ကျောင်းသူ/ သားများအတွက် လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၅၀)ဦး၊

အလယ်တန်း(၂၆)ဦး၊ အထက်တန်း(၂၈)ဦးနှင့် တက္ကသိုလ် အဆင့်(၁၂) ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် မူလတန်းအဆင့် (၁၉၃)ဦး၊ အလယ် တန်းအဆင့် (၁၁၉)ဦး၊ အထက်တန်းအဆင့် (၇၄)ဦးနှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၂၈)ဦးရှိပြီး စာမတတ်သူ (၅၃)ဦးရှိပါသည်။ ရွာသူ/သားများ အားလုံးနီးပါး စာရေးတတ် ဖတ်တတ်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကို မဖြစ်မနေတက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့်ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအထိ ပညာသင်ကြားမှု အသင့်အတင့်ရှိပါသည်။

၇။ ကျန်းမာရေး

လယ်ကြား(ရှေ့)ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် အနီးဆုံး အင်းခေါင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကြရပြီး အရေးပေါ်ကိစ္စရပ်များအတွက် တီကျစ်တိုက်နယ်ဆေးရုံ၊ ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် အောင်ပန်းပုဂ္ဂလိကဆေးရုံများသို့သွားရောက် ကုသမှုခံယူကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စိမ့်စမ်းရေ၊ အဝီစိနှင့် မိုးရေလှောင်ကန်ကို အသုံးပြုကြပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာစနစ်ဖြင့် ဆောက်လုပ်အသုံးပြုကြပါသည်။ ရွာလုံးကျွတ် ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါ များဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ် ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုပ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှောဖြစ်ပွားမှုများရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ကြား(ရှေ့)ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌တောင်ကျရေကြီးခြင်း၊ ရံဖန်ရံခါမိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် ပြောင်းနှင့် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများ သုံးစွဲမှုများပြားလာပြီး ဓါတုဓာတ်မြေဩဇာသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှု အားနည်းခြင်းနှင့် အသိပညာဗဟုသုတများ သိရှိမှုအားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

လယ်ကြား(ရှေ့)ကျေးရွာတွင် ကျား၊ မရေးရာဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန်သည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း

ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ အနည်းငယ်ကွာဟမှုရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

လယ်ကြား(ရှေ့)ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တစ်ချို့ စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်တွင်း/ပြင်ပအဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ကျေးရွာလူထုများမှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉	၂၀၂၉ ၂၀၃၀
၁	ကျေးရွာတွင်းလမ်းအမှတ်(၁) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၁	√				
၂	ဘက်စုံသုံးခန်းမဆောင်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း	၂	√				
၃	(**RBF)** စီမံကိန်းဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်း	၃	√				

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉	၂၀၂၉ ၂၀၃၀
၄	ကျေးရွာကုန်ထုတ်လမ်းအမှတ်(၁)ဖောက်လုပ်ခြင်းလုပ်ငန်း (၁/၀)မိုင်	၄	√	√			
၅	ကျေးရွာအဝင်လမ်းသစ်ပင်/ပန်းပင်စိုက်ပျိုးခြင်း	၅	√	√	√		
၆	ကျေးရွာတွင်းလမ်းအမှတ်(၂) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၆		√	√		
၇	စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းလုပ်ငန်း(၁/၄)မိုင်	၇		√	√		
၈	ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း(၁)ကန်	၈		√	√		
၉	ရေမီတာတပ်ဆင်ခြင်းလုပ်ငန်း	၉		√	√		
၁၀	လက်သမားပန်ရုံသင်တန်းဖွင့်လှစ်ခြင်း	၁၀		√	√		
၁၁	ကျေးရွာအားကစားကွင်းဆောင်ရွက်ခြင်း	၁၁			√	√	√
၁၂	မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲဆောင်ရွက်ခြင်း	၁၂			√	√	
၁၃	ကျေးရွာတွင်းလမ်းအမှတ်(၃) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၁၃			√	√	
၁၄	လုံးပိုး-လယ်ကြား-ကျောင်းနား-ထီရွေးလမ်းကတ္တရာလမ်းခင်းခြင်း (၆/၀)မိုင်	၁၄			√	√	√
၁၅	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၁၅			√	√	√
၁၆	ကျေးရွာကုန်ထုတ်လမ်းအမှတ်(၂)ဖောက်လုပ်ခြင်းလုပ်ငန်း (၀/၆)မိုင်	၁၆			√	√	√
၁၇	ကျေးရွာတွင်းလမ်းအမှတ်(၄) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၁၇			√	√	√
၁၈	မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၁၈			√	√	√
၁၉	မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း	၁၉				√	√
၂၀	(**RBF)** စီမံကိန်းဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်း	၂၀				√	√

၁၁။ လယ်ကြီး(ရှေ့)ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်းလမ်းအမှတ်(၁) ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ဘက်စုံသုံးခန်းမဆောင်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း	၉	၁၀	၉	၉	၉	၄၆	၂
၃	**(RBF)** စီမံကိန်းဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်း	၉	၉	၁၀	၆	၉	၄၃	၃
၄	ကျေးရွာကုန်ထုတ်လမ်းအမှတ်(၁)ဖောက်လုပ်ခြင်းလုပ်ငန်း (၁/၀)မိုင်	၈	၇	၉	၈	၈	၄၀	၄
၅	ကျေးရွာအဝင်လမ်းသစ်ပင်/ပန်းပင်များ စိုက်ပျိုးခြင်း	၇	၇	၇	၉	၇	၃၇	၅
၆	ကျေးရွာတွင်းလမ်းအမှတ်(၂) ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၆	၆	၇	၆	၆	၃၁	၆
၇	စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းလုပ်ငန်း(၁/၄)မိုင်	၅	၆	၇	၅	၇	၃၀	၇
၈	ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း(၁)ကန်	၅	၆	၇	၅	၆	၂၉	၈

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၉	ရေမီတာတပ်ဆင်ခြင်းလုပ်ငန်း	၅	၆	၇	၅	၆	၂၉	၈
၁၀	လက်သမားပန်ရံသင်တန်းဖွင့်လှစ်ခြင်း	၅	၆	၇	၅	၅	၂၈	၉
၁၁	ကျေးရွာအားကစားကွင်းဆောင်ရွက်ခြင်း	၅	၆	၇	၅	၅	၂၈	၉
၁၂	မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲဆောင်ရွက်ခြင်း	၅	၆	၇	၅	၅	၂၈	၉
၁၃	ကျေးရွာတွင်းလမ်းအမှတ်(၃) ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၅	၆	၆	၅	၅	၂၇	၁၀
၁၄	လုံးပိုး-လယ်ကြား-ကျောင်းနား-ထီရွေးလမ်း ကတ္တရာလမ်း ခင်းခြင်း (၆/၀)မိုင်	၅	၆	၆	၅	၅	၂၇	၁၀
၁၅	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၅	၆	၆	၅	၅	၂၇	၁၀
၁၆	ကျေးရွာကုန်ထုတ်လမ်းအမှတ်(၂)ဖောက်လုပ် ခြင်းလုပ်ငန်း (၀/၆)မိုင်	၅	၅	၅	၅	၅	၂၅	၁၁
၁၇	ကျေးရွာတွင်းလမ်းအမှတ်(၄) ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)	၅	၅	၄	၅	၅	၂၄	၁၂

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁၈	မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၅	၅	၄	၅	၅	၂၄	၁၂
၁၉	မွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း	၅	၅	၄	၅	၅	၂၄	၁၂
၂၀	**(RBF)** စီမံကိန်းဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်း	၅	၂	၄	၅	၅	၂၁	၁၃

၁၂။ လယ်ကြား(ရွှေ့)ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်မင်း	ဦးလှဖေ	၁၃/ပလန(နိုင်)၀၆၃၉၆၀	ဥက္ကဋ္ဌ	
၂	ဦးဇော်ဝမ်း	ဦးခွန်တီးလာ	၁၃/ပလန(နိုင်)၁၂၈၄၃၂	အတွင်းရေးမှူး	
၃	ဦးခွန်လှကြီး	ဦးခွန်ဘိုလာ	၁၃/နတရ(နိုင်)၀၂၁၈၅၄	ဘဏ္ဍာရေးမှူး	
၄	ဦးခွန်ဇော်ထူး	ဦးခွန်မောင်ကြီး	၁၃/ပလန(နိုင်)၁၃၅၀၄၃	စာရင်းကိုင်	
၅	ဒေါ်နန်းဝေမာဦး	ဦးခွန်အောင်သန်း	၁၃/နတရ(နိုင်) ၀၂၁၈၇၃	အဖွဲ့ဝင်	
၆	ဒေါ်နန်းချယ်ရီ	ဦးအုံးဆွေ	၁၃/နတရ(နိုင်)၀၂၁၉၂၄	အဖွဲ့ဝင်	
၇	ဒေါ်ဖြူအေး	ဦးရစ်	၁၃/ပလန(နိုင်)၁၂၈၄၅၁	အဖွဲ့ဝင်	

၁၃။ လယ်ကြား(ရွှေ့)ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်မင်း	ဦးလှဖေ	၁၃/ပလန(နိုင်)၀၆၃၉၆၀	ဥက္ကဋ္ဌ	
၂	ဦးဇော်ဝမ်း	ဦးခွန်တီးလာ	၁၃/ပလန(နိုင်)၁၂၈၄၃၂	အတွင်းရေးမှူး	
၃	ဦးခွန်ဇော်ထူး	ဦးခွန်မောင်ကြီး	၁၃/ပလန(နိုင်)၁၃၅၀၄၃	စာရင်းကိုင်	

၁၄။ စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- လယ်ကြား(ရှေ့)ကျေးရွာ
ကျေးရွာအုပ်စု	- ပေါ့ယားကျေးရွာအုပ်စု
မြို့နယ်	- ပင်လောင်းမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

စီမံချက်အမည် - ကျေးရွာဘက်စုံသုံးခန်းမဆောင်ပြုပြင်ခြင်းလုပ်ငန်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအများပိုင်ဘုံပစ္စည်းများ ထားသိုရန်အတွက် နေရာအခက်အခဲရှိခြင်း၊ ကျေးရွာတွင် အစည်းအဝေးကျင်းပပြုလုပ်ရာတွင်လည်း နေရာအခက်အခဲရှိ ခြင်းတို့ကြောင့် **VDP** စီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပါက ကျေးရွာအတွက် များစွာအကျိုးပြုမည်ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

VDP စီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောင်ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားပါမည်။ ဘက်စုံသုံးခန်းမဆောင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျေးရွာသူ/ သားများကိုယ်တိုင် ရွေးချယ်အတည်ပြုထားပြီး ဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

(**VDP)** စီမံကိန်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်များဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောင် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာအတွက်များစွာ အကျိုးပြု၊ အထောက်အကူပြုမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေများဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၄၇	၂၄၁	၄၈၈	၁၀	၅၀	၄၀	၂၀	၁၂၀
အကျိုးခံစားမည့်သူ ဦးရေ	၂၄၇	၂၄၁	၄၈၈	၁၀	၅၀	၄၀	၂၀	၁၂၀
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နည်းပညာ ပံ့ပိုး)
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁-၁၁-၂၀၂၅
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၁-၁၂-၂၀၂၅
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာဘက်စုံသုံး ခန်းမဆောင်ပြုပြင်ခြင်းလုပ်ငန်းအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ရပ်ရွာမှ တာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ **လယ်ကြား(ရွှေ့)ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	မိုးရာသီအချိန်တွင် သွားလာရခက်ခဲခြင်း	ကျောက်ကြမ်း/မြေသားလမ်းဖြစ်နေခြင်း	ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လို စိတ်ရှိခြင်း၊လုပ်အားပေးနိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်းအမှတ်(၁)ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)
၂	ကျေးရွာပိုင်ဘုံပစ္စည်းများ ထားသိုရန်နှင့် အစည်းအဝေးကျင်းပရန် နေရာအခက်အခဲရှိခြင်း	အများပိုင်ဘုံခန်းမဆောင်မရှိခြင်း	ကျေးရွာပိုင်မြေနေရာရှိခြင်း ၊ ကျေးရွာမှလုပ်အားနှင့် ငွေးကြေးအနည်းငယ် ထည့်ဝင်ပေးနိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း
၃	တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းအား အစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်မှု မရှိခြင်း	အရင်းအနှီးငွေမရှိခြင်း	ကျေးရွာမှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် စိတ်အားထက်သန်ခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	(**RBF**)စီမံကိန်းဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်း
၄	ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင်ခက်ခဲခြင်း	လမ်းကျဉ်းမြောင်းခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေရာလှူဒါန်းနိုင်ခြင်း၊ စိုက်ပျိုးရေးအကျိုးပြုဇကများပြားခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာကုန်ထုတ်လမ်း အမှတ်(၁) ဖောက်လုပ်ခြင်း လုပ်ငန်း
၅	မိုးရာသီအချိန်တွင် ချောင်းရေများတိုက်စား၍ လမ်းများပျက်စီးခြင်း	လမ်းဘေးဝဲယာ သစ်ပင်များ မရှိခြင်း	သစ်တောဦးစီးဌာနမှ ပျိုးပင်များ အလွယ်တကူ ရရှိနိုင်ခြင်း	မရှိပါ	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာအဝင်လမ်းဘေးဝဲယာ သစ်ပင်/ပန်းပင်များ စိုက်ပျိုးခြင်းလုပ်ငန်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၆	မိုးရာသီအချိန်တွင် သွားလာရခက်ခဲခြင်း	မြေသားလမ်းဖြစ်နေခြင်း	ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လို စိတ်ရှိခြင်း၊လုပ်အားပေးနိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်းအမှတ်(၂)ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)
၇	နွေရာသီရေခက်ခဲခြင်း	ရေတားတမံ၊ရေပိုက်ပြုပြင်ရန်နှင့်ရေစုကန်ထပ်မံတည်ဆောက်ရန်လိုအပ်ခြင်း	ကျေးရွာစိတ်အားထက်သန်မှုရှိခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းလုပ်ငန်း (၁/၄)မိုင်
၈	ကျေးရွာအများသုံးသောက်သုံးရေ ခပ်ယူသည့်နေရာမရှိခြင်း	အများသုံး ရေစုကန် /ရေလှောင်ကန်မရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊မြေနေရာရှိခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်	ရေစုကန် ဂါလံ(၁၀၀၀၀)ဆံ့ကန် (၁)ကန် တည်ဆောက်ခြင်းလုပ်ငန်း
၉	ကျေးရွာတွင်းသောက်သုံးရေ မလုံလောက်ခြင်း	အများသုံးရေမီတာစနစ်မရှိခြင်း	ကျေးရွာမှ ရေမီတာစနစ်တပ်ဆင်ရန် စိတ်အားထက်သန်မှုရှိခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်	အိမ်တိုင်ရာရောက် ရေမီတာစနစ်တပ်ဆင်ခြင်းလုပ်ငန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း	ကျွမ်းကျင်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်တတ်ကျွမ်းမှု အားနည်းခြင်း	ကျေးရွာမှ သက်/မွေးသင်တန်းတက်ရောက်သင်ကြားရန် စိတ်အားထက်သန်မှုရှိခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်	လက်သမား/ပန်းရံ သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁၁	လူငယ်များအားကစားပြုလုပ်ရန်နေရာခက်ခဲခြင်း	အားကစားကွင်းလိုအပ် ခြင်း	-လုပ်အားထည့်ဝင်နိုင်ခြင်း၊မြေနေရာရှိခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာအားကစားကွင်းဆောင်ရွက်ခြင်း
၁၂	မီးဘေးအန္တရာယ်နှင့် ပတ်သက်၍ သိရှိမှု အားနည်းခြင်း	အသိပညာပေး ဟောပြောပွဲ မရှိခြင်း	ကျေးရွာမှ ဟောပြောပွဲ တက်ရောက်ရန်စိတ်အားထက်သန်မှု ရှိခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ပေးခြင်း
၁၃	မိုးရာသီအချိန်တွင် သွားလာရခက်ခဲခြင်း	မြေသားလမ်းဖြစ်နေခြင်း	ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လို စိတ်ရှိခြင်း၊လုပ်အားပေးနိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်းအမှတ်(၃)ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)
၁၄	မြို့နှင့် ဆက်သွယ်သွားလာရာတွင် အခက်အခဲရှိခြင်း	ကျေးရွာချင်းဆက်လမ်းများ ပျက်စီးနေခြင်း	သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း	မရှိပါ	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	လုံးပိုး-လယ်ကြား-ကျောင်းနား-ထီရွှေးလမ်းကတ္တရာလမ်း ခင်းခြင်း (၆/၀)မိုင်
၁၅	ကျန်းမာရေးပြဿနာငှာ ရှောက်ရန်နေရာခက်ခဲခြင်း	ကျေးလက်ဆေးပေးခန်းမရှိခြင်း	-လုပ်အားထည့်ဝင်နိုင်ခြင်း၊မြေနေရာရှိခြင်း	-ငွေကြေးအခက်အခဲရှိခြင်း	-သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း
၁၆	ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင်ခက်ခဲခြင်း၊ မိုးရာသီအချိန်တွင် သွားလာရအခက်အခဲရှိခြင်း	လမ်းကျဉ်းမြောင်းခြင်း၊ မြေသားလမ်းဖြစ်ခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေရာလှူဒါန်းနိုင်ခြင်း၊ စိုက်ပျိုးရေးအကျိုးပြုဇကာများပြားခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာကုန်ထုတ်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်း လုပ်ငန်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁၇	မိုးရာသီအချိန်တွင် သွားလာရခက်ခဲခြင်း	ကျောက်ကြမ်း/မြေသားလမ်းဖြစ်နေခြင်း	ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လို စိတ်ရှိခြင်း၊လုပ်အားပေးနိုင်ခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်းအမှတ်(၄)ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ(၁၀၀၀)
၁၈	ကျေးရွာရှိ ကလေးငယ်များအတွက် မူကြိုကျောင်းနေရာမရှိခြင်း	မူကြိုကျောင်းဆောက်ရန် ရန်ပုံငွေမရှိခြင်း	-လုပ်အားထည့်ဝင်နိုင်ခြင်း၊မြေနေရာရှိခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်း
၁၉	မွေးမြူရေးဆိုင်ရာ အသိပညာ သိရှိမှု အားနည်းခြင်း	မွေးမြူရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ ကျင်းပမှုမရှိခြင်း	သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း	မရှိပါ	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	မွေးမြူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း
၂၀	တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းအား အစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်မှု မရှိခြင်း	အရင်းအနှီးငွေမရှိခြင်း	ကျေးရွာမှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် စိတ်အားထက်သန်ခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	(**RBF**)စီမံကိန်းဖြင့် ဒေသဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်း

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်		စုစုပေါင်း
					ကျား	မ	
၁ နှစ် အောက်	နို့စို့အရွယ်	၃	၁	၄			
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၈	၄	၁၂			
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၄	၁၆	၄၀		၁	၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၈	၂၀	၃၈			
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၁	၁၉၀	၃၈၁	၁	၁	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃	၁၀	၁၃			
စုစုပေါင်း		၂၄၇	၂၄၁	၄၈၈	၁	၂	၃
စုစုပေါင်း အိမ်ထောင်စု		၁၂၀					

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေစုစုပေါင်း ကျား/မ (၄၈၈)ဦးရှိပြီး၊ မသန်စွမ်းသူ(၃)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော ကျား/မ ဦးရေမှာ (၃၈၁)ဦးရှိပြီး အိမ်ခြေ (၁၂၀)နှင့် အိမ်ထောင်စု (၁၂၀)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမကအလုပ်အကိုင်					အိမက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၀၂	၂၃၁	၂၃	၃၀	၅၃	၁၅	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅	၄	၁	၄	၈	မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၅	၅					မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၁၈	၂	၂			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂					မြင့် ☐ လတ်☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၄					မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂					မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း	၁၂၀	၂၇၀	၂၉	၃၃	၅၇	၂၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင် လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပြီး မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည့် အိမ်ထောင်စု(၅)စုရှိပါသည်။ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့်	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၇၀၀၀		၁၃၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးလုပ်ငန်းများ ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား သတ်မှတ်မှုမှာ လယ်ယာစိုက်ပျိုးရေး၊ အနည်းငယ် ကွာဟမှုရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် လုပ်အားခသတ်မှတ်ထားခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ရာသီပေါ်သီးနှံများအပေါ်မူတည်၍ ရာသီအလိုက်လုပ်အားခနှုန်းထား ကွာဟမှုရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၁၄.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၆၉.၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၆၆	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၃၅၀**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေ(၁၁၄.၅)ဧက၊ယာမြေ(၁၆၉.၅)ဧက နှင့် ဥယျာဉ်မြေ(၆၆)ဧကရှိပါသည်။ တောင်ယာမြေအသုံးပြုရာ၌ သီးနှံများကိုတစ်လှည့်စီစိုက်ပျိုးရပြီး ဥယျာဉ်မြေ၌ လက်ဖက်နှင့်ထောပတ်ကို အဓိကစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးနားတွင် ချောင်းငယ်တစ်ခုရှိပြီး ရေသွင်းစိုက်ပျိုးမှုတွင် ရေကိုလုံလောက်စွာရယူ အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၅၀	၄၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုအချို့သည် မြေယာပိုင်ဆိုင်ထားကြသော်လည်း အရင်းအနှီးစိုက်ထုတ်ရန် အဆင်မပြေကြသဖြင့် မြေရာများကို အခြားသူများကို ငှားရမ်းပေးထားရကြောင်းလေ့လာ တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လ ကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လ အထိဝမ်းစာဖူလုံမှု	၇၃	၁၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၅၀_____ လုပ်အားခကြိုယူ = _____၂၃_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ခက်ခဲသောအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုအတွက် ချေးငွေချေးယူခြင်းနှင့် လုပ်အားခကြိုယူကြရကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲ သည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ် လျော့ချရေးအစီအမံများ

စဉ်	**ထိခိုက်လွယ်မှုအမျိုးအစား**	**ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)**			**စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ**			
	သဘာဝဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**
၁	မြစ်ရေကြီးမှု	✔			✔			

၂	ရေကြီးခြင်း		✔		✔			
၃	မုန်တိုင်း	✔			✔			
၄	ဆူနာမီ	✔			✔			
၅	တိုင်ဖွန်းမုန်တိုင်း	✔			✔			
၆	လေဆင်နာမောင်း		✔		✔			
၇	ငလျင်	✔			✔			
၈	အပူလွန်ကဲခြင်း		✔		✔			
၉	စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှု	✔			✔			
၁၀	အအေးလွန်ကဲခြင်း			✔	✔			
၁၁	မိုးသီးမုန်တိုင်း		✔		✔			
၁၂	မိုးခေါင်ခြင်း		✔		✔			
၁၃	တောမီးလောင်ခြင်း	✔			✔			
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔			✔			
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔			
၁၆	မြေပြိုခြင်း		✔		✔			
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**				
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✔			✔			
၁၈	သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ)		✔		✔			
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း	✔			✔			
၂၀	သစ်တောပြုန်းတီးခြင်း			✔	✔			
၂၁	၄က်ဖျားရောဂါ	✔			✔			
၂၂	တီဘီရောဂါ	✔			✔			
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔			
၂၄	ကူးစက်ရောဂါ	✔			✔			
၂၅	ပြည်တွင်း ပဋိပက္ခ			✔	✔			
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု		✔		✔			
၂၇	လူကုန်ကူးခြင်း	✔			✔			
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်း စသည်		✔		✔			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိုးရာသီ၌ ရံဖန်ရံခါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်မြေများရေလွှမ်းခြင်း ကြုံတွေ့ရနိုင်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔			✔		
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု			✔	✔		
၃	ဆင်းရဲသားတောင်သူ			✔	✔		
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	✔			✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔			✔		
၆	မတော်တဆမှု ဖြစ်နိုင်ချေများသော နေရာတွင် နေထိုင်သူများ	✔			✔		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	✔			✔		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔			✔		
၉	ငါးကန်ပိုင်ရှင်များ	✔			✔		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ			✔	✔		
၁၁	လူနည်းစုလူမျိုးများ	✔			✔		
၁၂	ဒေသတွင်း ပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ			✔	✔		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✔			✔		
၁၄	ရွှေတွင်းလုပ်သားများ	✔			✔		
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✔			✔		
၁၆	နေရပ်ပြန် အခြေချသူများ	✔			✔		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔			✔		
၁၈	ကားမောင်းပြီး အသက်မွေးသူများ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက် ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူငယ်/အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် ကျပန်းအလုပ်သမားများ ထိခိုက်သက်ရောက်မှု အမြင့်ဆုံး ခံရနိုင်ပါသည်။ ကျေးရွာအနေဖြင့် ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ ဆောင်ရွက်ထားရှိမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၆		၆	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	မီးကော်မတီ	၁☐ ၂☑ ၃☐	၂		၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မြစိမ်းရောင် ကော်မတီ	၁☐ ၂☑ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄	ရေရှရှိရေးကော်မတီ	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ဘာသာရေး ကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီအပါအဝင် အဖွဲ့အစည်း (၅)ဖွဲ့ရှိပြီး ရပ်ရေးရွာရေး ပေါ်ပေါက်လာပက ကျေးရွာရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ECCD	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑
၂	ရွှေကြက်သွန်	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

